# ဝန်ဆောင်မှုအတွက် စည်းကမ်းသတ်မှတ်ချက်များ

ဤဝန်ဆောင်မှုကို အသုံးပြုခြင်းအားဖြင့် ဝန်ဆောင်မှုရယူသူသည် ဤအသေးစိတ်စည်းကမ်းသတ်မှတ်ချက်များနှင့် MPT ၏ အထွေထွေစည်းကမ်းသတ်မှတ်ချက်များကို ဖတ်ရှုပြီး ကောင်းစွာနားလည်သဘောပေါက်၍ အားလုံးသောစည်းကမ်းချက်များကို လက်ခံလိုက်နာရန် သဘောတူညီပါသည်။

## ၁။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

၁.၁။ ဤအသေးစိတ်စည်းကမ်းသတ်မှတ်ချက်များ ("အသေးစိတ်စည်းကမ်းသတ်မှတ်ချက်များ" ) ကို https://www.mpt.com. mm/en/general-terms-and-conditions/ တွင်ဖော်ပြထားသည့် MPT ၏ နောက်ဆုံးထုတ်ပြန်ထားသော အထွေထွေ စည်းကမ်းသတ်မှတ်ချက်များ ("အထွေထွေစည်းကမ်းသတ်မှတ်ချက်များ" ) ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အတူပူးတွဲဖတ်ရှုရမည်။

၁.၂။ အသေးစိတ်စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းသတ်မှတ်ချက်များအကြား ကွဲပြားဆန့်ကျင်မှု တစ်စုံတစ်ရာရှိခဲ့လျှင် အသေးစိတ်စည်းကမ်းသတ်မှတ်ချက်များတွင် ဖော်ပြထားသောပြဌာန်းချက်များက အထွေထွေစည်းကမ်း သတ်မှတ်ချက်များပါ ပြဌာန်းချက်များကို ဆန့်ကျင်ကွဲလွဲမှုရှိသည့် အတိုင်းအတာအလျောက် အစားထိုးလွှမ်းမိုးရမည်။

၁.၃။ အောက်တွင် သီးခြားအဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့် စာလုံးအကြီးဖြင့်ဖော်ပြထားသော စကားလုံးများအား အထွေထွေ စည်းကမ်းသတ်မှတ်ချက်များတွင် ၎င်းတို့အား ဖော်ပြထားခဲ့သည့်အတိုင်း တူညီသည့်အနက်အဓိပ္ပာယ်ဖြင့် ကောက်ယူရမည်။

“ DCB” သည် Direct Carrier Billing ၏အတိုကောက်စာလုံးဖြစ်သည်။ ၎င်းသည် ဝန်ဆောင်မှုအတွက် ဝန်ဆောင်မှုရယူသူမှ ငွေပေးချေနိုင်သည့် ပုံစံများအနက် တစ်ခုဖြစ်သည်။

“ဝန်ဆောင်မှု” ဆိုသည်မှာ MPT မှ (က) တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီထံမှ ယူလိုက်ဖ် (U-Life) အာမခံကို ဝန်ဆောင်မှုရယူသူက ဝယ်ယူနိုင်သည့် Platform အနေဖြင့် ထောက်ပံပေးခြင်းနှင့် (ခ) ယူလိုက်ဖ် (U-Life) အာမခံအတွက် ဝန်ဆောင်မှုရယူသူ၏ ပရီမီယမ်ငွေပေးချေမှုများအား ၎င်းထံမှ တိုက်ရိုက်ကောက်ခံရယူပြီး တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီထံသို့ ပြန်လည်ပေးချေသည့် ဆောင်ရွက်မှုဖြစ်သော DCB ဝန်ဆောင်မှုများအား ထောက်ပံ့ပေးခြင်းတို့အား ဆိုလိုပါသည်။

“Platform” ဆိုသည်မှာ MPT၏ MPT အွန်လိုင်း Platform ကိုဆိုလိုသည်။

“ယူလိုက်ဖ် (U-Life) အာမခံ” ဆိုသည်မှာ ဝန်ဆောင်မှုရယူသူထံသို့ တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီမှ ရောင်းချသည့် အာမခံဝန်ဆောင်မှုများကို ဆိုလိုသည်။

“ တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီ” ဆိုသည်မှာ GGI Nippon Life-အသက်အာမခံကုမ္ပဏီ (သို့မဟုတ်) AYA SOMPO အာမခံကုမ္ပဏီ ကိုဆိုလိုပါသည်။

## ၂။ တိုက်ရိုက်ငွေကောက်ခံခြင်း

၂.၁။ ဝန်ဆောင်မှုရယူသူအနေဖြင့် ပရီမီယံကြေးကို တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီထံသို့ DCB (MPTဖုန်းဘေလ်လက်ကျန်ငွေ) မှတဆင့်ပေးချေရန် ရွေးချယ်မည်ဆိုပါက MPT သည် အဆိုပါပရီမီယံကြေးများအား ကောက်ခံသိမ်းဆည်းခြင်းတို့အတွက် တာဝန်ရှိမည်ဖြစ်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ –

၂.၁.၁။ MPT သည် သက်ဆိုင်ရာအာမခံစာချုပ်ပါ ဝန်ဆောင်မှုရယူသူနှင့် တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီတို့အကြား သဘောတူညီထားသည့် အဆိုပါငွေပမာဏအား သတ်မှတ်ထားသည့်အချိန်၌ ဝန်ဆောင်မှုရယူသုံးစွဲသူထံမှ နုတ်ယူကာ တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီသို့ ပေးသွင်းပေးရန်သာဖြစ်ပါသည်။

၂.၁.၂။ ဝန်ဆောင်မှုရယူသူ၏ ငွေစာရင်းအကောင့်တွင် လုံလောက်သည့်ငွေဖြည့်သွင်းထားမှုမရှိလျှင် လုပ်ဆောင်ချက်အား ပြီးမြောက်အောင်မြင်အောင်ဆောင်ရွက်နိုင်မည်မဟုတ်ပါ။

၂.၁.၃။ ငွေတောင်းခံခြင်းနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများကို တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီမှ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးပါမည်။

## ၃။ Platform အား ဝန်ဆောင်မှုရယူသူမှ အသုံးပြုမှု

၃.၁။ Platform အား ဝန်ဆောင်မှုရယူသူမှ အသုံးပြုမှုသည် အောက်ဖော်ပြပါစည်းကမ်းချက်များနှင့်အညီဖြစ်ရမည်။

၃.၁.၁။ Platform အား ဝန်ဆောင်မှုရယူသူမှ အသုံးပြုမှုအား MPT မှသတ်မှတ်ထားသည့် Data အသုံးပြုမှုနှုန်းထားနှင့်အညီ ကောက်ခံမည်ဖြစ်ပါသည်။

၃.၁.၂။ ဝန်ဆောင်မှုကို အသုံးပြုနိုင်ရန်အတွက် ဝန်ဆောင်မှုရယူသူမှ MPT ဆင်းမ်ကတ်ကို အသုံးပြုရန်လိုအပ်ပါသည်။

၃.၁.၃။ တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီတစ်ခုစီမှ အာမခံအမျိုးအစားတစ်ခုကိုသာ ကမ်းလှမ်းမှုပြုလုပ်မည်ဖြစ်ပြီး ဝန်ဆောင်မှုရယူသူမှ အာမခံအမျိုးအစားတစ်ခုထက်ပိုပြီး ရယူလိုပါက

Platform ကိုအသုံးပြု၍ တတိယလူပုဂ္ဂိုလ် အာမခံကုမ္ပဏီတစ်ခုစီမှ အာမခံဝန်ဆောင်မှုများကို သီးခြားဝယ်ယူရမည်။

၃.၁.၄။ ဝန်ဆောင်မှုရယူသူသည် တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီမှပေးသည့် မည်သည့်အာမခံဝန်ဆောင်မှုအမျိုးအစား ကိုမဆိုဝယ်ယူနိုင်ပါသည်။

၃.၁.၅။ လျော့ကန်သောအကြောင်းအရင်းခံ (Platform အား ဝန်ဆောင်မှုရယူသူ၏ ဝင်ရောက်အသုံးပြုမှုမှ ဖြစ်ပေါ်လာ သောပုံမှန်မဟုတ်သည့် ပြုလုပ်ဆောင်ရွက်ချက်များရှိသည်ဟု MPT မှ စုံစမ်းသိရှိရသည့်အခါ) တို့အပေါ်တွင်အခြေခံ၍ ဝန်ဆောင်မှုရယူသူ၏ Platform အသုံးပြုမှုအား MPT မှ အဆက်အသွယ်ဖြတ်တောက်ခြင်း၊ ရပ်စဲခြင်း (သို့မဟုတ်) ဖြုတ်ချခြင်းတို့အား ပြုလုပ်နိုင်ခွင့်ရှိသည်။ ထို့အပြင် MPT ၏ညွှန်ကြားချက်အရ ဝန်ဆောင်မှုရယူသူသည် ထိုက်သင့်သော ပူးပေါင်းဆောင်ရွက်မှုတို့အား လုပ်ဆောင်ရမည်ဖြစ်ပြီး အဆိုပါ အဆက်အသွယ်ဖြတ်ဆောက်ခြင်း၊ ရပ်စဲခြင်း၊ ဖြုတ်ချခြင်း (သို့မဟုတ်) အဆိုပါပုံမှန်မဟုတ်သည့် ပြုလုပ်ဆောင်ရွက်ချက်များ ဖြစ်ရခြင်း၏ အကြောင်းရင်းခံကို ချက်ခြင်းစုံစမ်းမှုပြုလုပ်ပြီးနောက် MPT အား အဆိုပါဖြစ်ပေါ်မှုများအတွက် အခမဲ့ကုစားဆောင်ရွက်ပေးရမည်။

## ၄။ တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီ၊ ယူလိုက်ဖ် (U-Life) အာမခံဝန်ဆောင်မှုတို့နှင့် MPT ၏ဆက်သွယ်ဆောင်ရွက်မှု

၄.၁။ ပိုမိုရှင်းလင်းစွာဖော်ပြရပါက အာမခံစာချုပ်တစ်ခုစီသည် တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီနှင့် ဝန်ဆောင်မှုရယူသူတို့အကြား တွင်ရှိသည့် စာချုပ်တစ်ခုသာဖြစ်ပါသည်။ MPT သည် စာချုပ်ဝင်တစ်ဦးမဟုတ်သလို တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီနှင့် ဝန်ဆောင်မှုရယူသူတို့အကြားတွင်ရှိသည့် အာမခံစာချုပ်နှင့်စပ်လျဉ်း၍လည်း မည်သည့်တာဝန်မျှရှိမည်မဟုတ်ပါ။ MPT သည် အာမခံကြားလူတစ်ဦး (သို့မဟုတ်) ပွဲစားတစ်ဦးအနေဖြင့် ဆောင်ရွက်ခြင်းလည်းမဟုတ်ဘဲ တတိယလူပုဂ္ဂိုလ်အာမခံကုမ္ပဏီထံမှ

အာမခံစာချုပ်များအား ဝယ်ယူနိုင်ရန် ဝန်ဆောင်မှုရယူသူအတွက် Platform တစ်ခုအား အထောက်အပံ့ပေးရုံအနေဖြင့်သာ ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

## ၅။ အသေးစိတ်စည်းကမ်းသတ်မှတ်ချက်များအား ပြင်ဆင်ခြင်း

၅.၁။ ဤဝန်ဆောင်မှုကို အသုံးပြုခြင်းအားဖြင့် ဝန်ဆောင်မှုရယူသူသည် ဤအသေးစိတ်စည်းကမ်းသတ်မှတ်ချက်အား ဖတ်ရှု နားလည်လက်ခံသဘောတူပြီးဖြစ်သည်ဟုယူဆရမည်။ ဤအသေးစိတ်စည်းကမ်းသတ်မှတ်ချက်များကို အခါအားလျော်စွာ ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ပြင်ဆင်မှုတစ်စုံတစ်ရာပြုလုပ်သည့်အခါတွင် MPT မှ ဝန်ဆောင်မှုရယူသူထံသို့ အသိပေးအကြောင်းကြားခြင်းပြုလုပ်နိုင်သည်။ အခြားသောဖော်ပြချက်တစ်စုံတစ်ရာမရှိပါက ဤအသေးစိတ်စည်းကမ်းသတ်မှတ် ချက်အား ပြင်ဆင်ချက်တစ်စုံတစ်ရာပြုလုပ်ပြီးနောက် ဤဝန်ဆောင်မှုအား ဝန်ဆောင်မှုရယူသူမှ ဆက်လက်အသုံးပြုနေခြင်းသည် ပြင်ဆင်ခဲ့ပြီးဖြစ်သည့် အသေးစိတ်စည်းကမ်းသတ်မှတ်ချက်အလုံးစုံကို ဝန်ဆောင်မှုရယူသူမှ သဘောတူညီခဲ့ပြီး၊ သဘောတူညီ ချက်ပေးပြီးဖြစ်သည်ဟု မှတ်ယူရမည်။